မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma

# နအဖ စစ်အစိုးရ၏ ဒေါ်အောင်ဆန်းစုကြည်အပေါ် မဖြစ်မနေ ထောင်ချနိုင်ရေးလုပ်ကြံဖန်တီးနေမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ သတင်းထုတ်ပြန်ချက်

နအဖ စစ်အစိုးရသည် ယခုအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးလုပ်ကြံမှုတခုအဖြစ် ဂျွန်ဝီလီယံယက်ထော အမှုကိုဖန်တီး၍ ထောင်ချရန် အပြင်းအထန်ကြိုးစားနေပါသည်။ သို့သော် နအဖစစ်အစိုးရသည် မျှော်လင့်ထားသည်ထက် ပိုပြီး ဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံရေးလုပ်ကြံမှုနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဝိုင်းဝန်းကန့်ကွက် ဆန့်ကျင်မှုနှင့် ရင်ဆိုင်နေရပါသည်။

ထိုသို့ ရင်ဆိုင်နေရသည့်အခြေအနေကို ကာကွယ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်ကို အမှန်တကယ် ပြစ်မှုကျူးလွန်သူဟု ကမ္ဘာက ထင်မြင်လာစေရန် နှင့် ဖြစ်ပေါ်လာနိုင်သည့် လူထု လှုပ်ရှားမှုများကို ကြောက်ရွံ့နေသည့်အတွက် ထပ်ခါ ထပ်ခါ လုပ်ကြံ ဖန်တီးမှုအမှားများကို အောက်ပါအတိုင်း ပြုလုပ်လာကြောင်း တွေ့ရှိရပါသည်။

## (၁) ဗုံးခွဲမှုကိစ္စ

နအဖ စစ်အစိုးရသည် မေလ ၂၅ ရက်နေ့ထုတ် စစ်အစိုးရပိုင် ကြေးမုံသတင်းစာတွင် နေပြည်တော် ပျဉ်းမနားဘူတာ၌ ချိန်ကိုက်မိုင်း တလုံး ရှာဖွေတွေ့ရှိမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံဒီမိုကရစ်တစ်အင်အားစု(FDB)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့မှ စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်ဟူသော စွပ်စွဲချက်မှာ ရည်ညွှန်းနိုင်သော မည်သည့်ခိုင်လုံသည့် အချက်အလက် အထောက်အထားတခုမျှ မရှိဘဲ စွပ်စွဲပြောဆိုနေခြင်းသာဖြစ်ကြောင်း ပြန်လည် ရှင်းလင်းခဲ့ကြပါသည်။

FDB အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်က“အခုလောလောဆယ် ဒေါ်အောင်ဆန်းစုကြည်ကိစ္စမှာ ပြည်သူလူထုရဲ့ နိုးကြားတဲ့ လှုပ်ရှားမှုတွေ၊ ပိုစတာကပ်တာတွေ၊ အဲဒီလို လူစုစုဖြစ်မယ့်ကိစ္စတွေမှာ အကြမ်းဖက်ဗုံးခွဲတာတွေရှိမယ်ဆိုတဲ့ သဘောမျိုးနဲ့ ပြည်သူလူထုလှုပ်ရှားမှု ဖြစ်မလာအောင် ခြိမ်းခြောက်ဟန့်တားတဲ့ သဘောမျိုးဖြစ်ကြောင်း”နှင့် ABSDF ဥက္ကဌ ကိုသံခဲမှ“ဒီနေ့ ကျနော်တို့ ကျောင်းသားတပ်မတော်ကို အကြမ်းဖက်အဖွဲ့အဖြစ် စွပ်စွဲတယ်၊ အများပြည်သူများ ထိတ်လန့်အောင် ဖောက်ခွဲဖို့အတွက်လုပ်တယ်၊ ဒါတွေကို ဆောင်ရွက်နေတယ်လို့ စွပ်စွဲတယ်။ ဒါကြောင့် သတင်းစာမှာပါတဲ့ စွပ်စွဲချက်တွေကို ကျနော်တို့ ကျောင်းသားတပ်မတော် အပြင်းအထန် ကန့်ကွက်ကြောင်း”တို့ကို သတင်းမီဒီယာများတွင် တရားဝင် ပြန်လည် ရှင်းလင်းခဲ့ကြပြီးဖြစ်ပါသည်။

## (၂) သတင်းထိန်ချန်မှုကိစ္စ

နအဖ စစ်အစိုးရသည် မေလ ၁၈ ရက်နေ့မှ စတင်စစ်ဆေးနေသော မစ္စတာယက်ထော ဒေါ်အောင်ဆန်းစုကြည် အိမ်တွင်း ဝင်ရောက်ခဲ့သောအမှုနှင့်ပတ်သက်၍ တရားရုံးစစ်ဆေးချက်များကို သတင်းစာများတွင် မရိုးသားစွာ ဖော်ပြခဲ့သည်များကို အထင်အရှား တွေ့ရှိရပါသည်။

မေလ ၂၈ ရက်နေ့ထုတ် နအဖစစ်အစိုးရ၏အာဘော် ကြေးမုံသတင်းစာတွင် မေလ ၂၇ ရက်နေ့ အမှုစစ်ဆေးချက်များနှင့် ပတ်သက်၍ ကျန်သူများကို စစ်ဆေးချက်များအား အမေး၊ အဖြေ ပုံစံများဖြင့် ဖော်ပြထားပြီး၊ မစ္စတာယက်ထောကို စစ်ဆေးချက်အား ယခုကဲ့သို့လုံးချ ဖော်ပြထားပါသည်။

“ ပထမအကြိမ် ဝင်ရောက်ခဲ့စဉ်က ရေမြောင်းထဲဖြတ်၍ လျှောက်သွားပြီးနောက် အင်းလျားကန်စောင်းမှ လမ်းလျှောက်ခဲ့ကြောင်း၊ ထို့နောက် ခြံစည်းရိုးကိုကျော်ပြီး ဝင်ခဲ့ကြောင်း၊ မိမိသည် မေ ၂ ရက်တွင် ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိခဲ့ကြောင်း၊ မေ ၃ ရက် နံနက် ၄ နာရီခန့်တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်ဝင်းအတွင်း ရောက်ရှိခဲ့ကြောင်း၊ မိမိ၏ခြေထောက်နှစ်ဖက်စလုံး ကြွက်တက်နေပြီး အလွန်မောပန်းနွမ်းနယ်နေသည့်အတွက် နေအိမ်နောက်ဖေးပေါက် အနီးတွင် မိမိလဲလျောင်းနေခဲ့ကြောင်း၊ နောက်ဖေးတံခါးကို သော့ခတ်ထားခြင်းမရှိ၍ မိမိအလွယ်တကူ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိသည် မေ ၃ ရက် ညမှနေစ၍ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်တွင် အိပ်စက်ခဲ့ပြီး၊ မေ ၅ ရက် သန်းခေါင်ယံ အချိန်ခန့်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်မှ ပြန်လည်ထွက်ခွာခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏

နေအိမ်အတွင်းရှိစဉ် မိမိဓါတ်ပုံများ၊ ဗွီဒီယိုမှတ်တမ်းများ ရိုက်ကူးခဲ့သည်ကို ဒေါ်အောင်ဆန်းစုကြည် လုံးဝသိရှိခြင်း မရှိကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့ကလည်း လုံးဝမသိရှိကြောင်း၊ မိမိပြန်ထွက်လာစဉ် မှောင်နေ၍ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ မိမိ၏ပစ္စည်းများ မေ့လျော့ ကျန်ရစ်ခဲ့ခြင်းသာဖြစ်ကြောင်း . . . ”

ထိုနေ့ တရားခွင်တွင် ရှိနေသော ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေ ဦးဉာဏ်ဝင်းက ဒီဗွီဘီ အသံလွှင့်ဌာနနှင့် မေလ ၂၈ ရက်နေ့ အင်တာဗျူးတွင် မစ္စတာယက်ထော၏ တရားခွင် ထွက်ဆိုချက်များနှင့် ပတ်သက်၍ ယခုကဲ့သို့ ပြောကြားခဲ့ပါသည်။

**“ပထမတခေါက် သူ့အပြန်ခရီးမှာ ထူးခြားချက်လေးတွေ သူပြောတယ်။ ၂၀၀၈ နိုဝင်ဘာ ၃၀ ရက်နေ့ပြန်တော့ လမ်းမှာ လုံခြုံရေးတပ်သားနဲ့ သူ တိုးတယ်။ လုံခြုံရေးတပ်သားက သူ့ကို ဘာလုပ်နေတာလဲလို့ သေနတ်နဲ့ချိန်ပြီး မေးပါတယ်တဲ့။ လုံခြုံရေးတပ်သားက ဗမာလို မေးတာကို အင်္ဂလိပ်လို သူ့နားထဲမှာ ကြားတယ်လို့ သူပြောတယ်။ သူဟာ ဘုရားသခင်ရဲ့ စေခိုင်းချက်အရ လာတာလို့လည်း ပြောတယ်။ ဒါတခုပေါ့။ ” “နောက် သူ့ထူးခြားချက်တခုက ဒုတိယအကြိမ် ဒေါ်အောင်ဆန်းစုကြည်ခြံဝင်းကို လာတော့ လုံခြုံရေးတပ်သား ၄-၅ ယောက်နဲ့ တိုးတယ်တဲ့။ အဲ့ဒီလုံခြုံရေးတွေက သေနတ်တွေပါပေမယ့် သူ့ကို သေနတ်နဲ့လည်း မပစ်ဘူး၊ အတင်းအဓမ္မလည်း မတားဘူး။ ခဲနဲ့ ဝိုင်းပေါက်တယ်တဲ့ သူ အဲ့လို ပြောပါတယ်”**

မေလ ၂၈ ရက်နေ့ ဦးဉာဏ်ဝင်းနှင့် ဘီဘီစီအင်တာဗျူးတွင်လည်း ယခုလို ဖေါ်ပြခဲ့ပါသည်။

**ဒေါ်အောင်ဆန်းစုကြည်အိမ်ကို ရေကူးပြီး ခိုးဝင်ရောက်ခဲ့သူ အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောကို ဗုဒ္ဓဟူးနေ့က အဓိက စစ်ဆေးခဲ့ပါတယ်။ မစ္စတာ ယက်တောက သူ ဒေါ်အောင်ဆန်းစုကြည် အိမ်ကို ရေကူးအလာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက သူ့ကိုတားဆီးခြင်း မရှိဘဲ ခဲနဲ့သာ ပစ်ပေါက်ခဲ့တယ်လို့ တရားရုံးမှာ ထွက်ဆိုတာကို ကြားခဲ့ကြောင်း ဦးဉာဏ်ဝင်းက ပြောပါတယ်။ အဲဒီလို မစ္စတာယက်တောက ထွက်ဆိုတော့ တရားလိုရှေ့နေတွေက အရင်က ဒီကိစ္စကို ပြောဆိုခဲ့ခြင်းမရှိကြောင်း အငြင်းပွားရာ မစ္စတာယက်တောက သူ အရင်ကလည်း ပြောခဲ့တယ်။ သူ့ထွက်ဆိုချက်ကို ရေးထားခြင်းရှိမရှိကိုသာ သူမသိကြောင်း အပြန်အလှန် အငြင်းပွားခဲ့ကြကြောင်း ဦးဉာဏ်ဝင်းက ဆက်ပြောပါတယ်။**

အထက်ပါ နအဖ စစ်အစိုးရပိုင် သတင်းစာ ဖေါ်ပြချက်များနှင့် တရားခွင်တွင် အမှန်တကယ် ဖြစ်ပေါ်နေသော ထွက်ဆိုချက်များကို ယှဉ်ကြည့်လျှင် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတကာ နှင့် အများပြည်သူတို့ အထင်အမြင်လွဲမှားစေရန် တရားခွင်သတင်းများကို ထိန်ချန် လှည့်ဖျား ဖေါ်ပြနေကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

## (၃) သာကီနွယ်ဝက်ဆိုက် သတင်းမှားကိစ္စ

ယခု အင်တာနက်တွင် စစ်အစိုးရကို ထောက်ခံဖေါ်ပြနေသော သာကီနွယ်ဝက်ဆိုက်၌ အောက်ဖေါ်ပြပါ ဓါတ်ပုံတပုံဖြင့် သတင်းလိမ် သတင်းမှားတခုကို ဖေါ်ပြထားကြောင်းလည်း တွေ့ရှိရပါသည်။



အဆိုပါဓါတ်ပုံနှင့် ပတ်သက်၍ သာကီနွယ်ဝက်ဆိုက်က ဂျွန်ဝီလီယံ ယက်ထောအား FDB အစည်းအဝေးတခုတွင် တွေ့ရစဉ်ဟု ဖေါ်ပြထားပြီး မစ္စတာယက်ထောနဲ့ နယ်စပ်အဖွဲ့အစည်းများ ဆက်စပ်မှုရှိသယောင် သတင်းလိမ်တခုကို ရေးသားထားပါသည်။ ထိုဓါတ်ပုံကို မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစုဝက်ဆိုက် (http://www.democraticforumburma.org/forum_journal_1_april_09.htm l) ရှိ ဖိုရမ်ဂျာနယ် အတွဲ ၁၊ အမှတ် ၁၊ ၂၀၀၉ ခုနှစ် ဧပြီလထုတ်တွင် အေအေပီပီ ရုံးခန်းတွင် ပြုလုပ်သော မီဒီယာ မဟာဗျူဟာ သင်တန်းမှ ဓါတ်ပုံအဖြစ် ဖေါ်ပြထားသည်ကို သာကီနွယ်ဝက်ဆိုက်က ခိုးယူ၍ ဓါတ်ပုံအကြောင်းအရာ နှင့် လူပုဂ္ဂိုလ်ကို လိမ်လည်ပြီး ဖေါ်ပြထားခြင်းဖြစ်ပါသည်။

အမှန်တကယ် ထိုဓါတ်ပုံတွင် ပါဝင်သူ နိုင်ငံခြားသားမှာ ဂျွန်ဝီယံယက်ထောမဟုတ်ဘဲ အောက်၌ ပုံ ဖေါ်ပြထားသော ဩစတေးလျ နိုင်ငံသား သတင်းစာဆရာ မစ္စတာ ဖီးလ် သောတန် (Phil Thorton) သာဖြစ်ပါသည်။




ဖေါ်ပြပါအချက်များကို ကြည့်လျှင် နအဖ စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်ကို မတရား အမှုဆင် ထောင်ချနိုင်ရေးနှင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး လူထုလှုပ်ရှားမှုများကို ဟန့်တားရန်အတွက် လုပ်ကြံဖန်တီးမှု အမျိုးမျိုးကို လုပ်ဆောင်နေကြောင်း

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ သတင်းထုတ်ပြန်ကြေညာလိုက်ပါသည်။

ထိုသို့ နအဖစစ်အစိုးရ၏ မမှန်သတင်း လုပ်ကြံထုတ်လွှင့်နေမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်က ယခုကဲ့သို့ ပြောကြားလိုက်ပါသည်။

‘‘ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်သက်တမ်းကုန်သွားလို့ အတင်းအကျပ် အမှုဆင်ထောင်ချဖို့လုပ်နေတာ လူထုလှုပ်ရှားမှု ပေါ်ပေါက်လာမှာကို နည်းမျိုးစုံနဲ့ ကြိုတင်အကြမ်းဖက်နေတာ၊ နိုင်ငံရေးအင်အားစုတွေကိုတံဆိပ်အမျိုးမျိုးတပ်ဖို့ ကြိုးစားနေတာတွေကို ကြည့်ရင် နအဖ ရဲ့ ကြောက်ရွံ့တုန်လှုပ်မှုနဲ့ သူတို့ဘာတွေ ကြောက်နေသလဲဆိုတာ ထင်ထင်ရှားရှား ပြနေတယ်။ အဲဒါကို ကျွန်တော်တို့မြင်တတ်ဖို့လိုတယ်၊ ဒေါ်အောင်ဆန်းစုကြည်နောက်မှာ ကျွန်တော်တို့ရဲ့ ညီညွတ်တဲ့အားကို ပြရမယ်။’’

မူဝါဒရေးရာ ဦးဆောင်အဖွဲ့
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

ရက်စွဲ ။ ။ ၂၀၀၉ ခုနှစ်၊ ဇွန်လ (၂) ရက်


ဆက်သွယ်ရန် ။ ။ ကိုနိုင်အောင် (၆၆) ၀၈၁ ၈၈၃၇ ၂၃၀
ဦးကျော်ထက် (၆၆) ၀၈၆ ၂၀၃၀ ၅၀၂
ကိုငွေလင်း (၆၆) ၀၈၁ ၄၇၅၉ ၂၂၃